# နအဖ ခေါင်ဆောင်များကို စစ်ရာဇဝတ်မှုဖြင့် နိုင်ငံတကာတရားရုံးတင်နိုင် ရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး နှင့် ဆက်သွယ်မေးမြန်ချက်

ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှီးယားကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး (အိုင်စီစီ) ရှေ့နေချုပ်က တရားစွဲလိုက်တဲ့ဖြစ်ရပ်ကြောင့် မြန်မာစစ်ခေါင်းဆောင်တွေအတွက် စိုးရိမ်ပူပန်ရမယ့်အနေအထား ဖြစ်နေပြီလို့ မြန်မာ့အရေးကျွမ်းကျင် လေ့လာသူအများစုက သုံးသပ်နေပါတယ်။

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ အပေါ် ပိတ်ဆို့အရေးယူဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မကြာသေးခင်က ဆွေးနွေးခဲ့ပေမယ့် တရုတ်နဲ့ ရုရှတို့က ကန့်ကွက်လိုက်တာမို့ ပိတ်ဆို့အရေးယူမှု မအောင်မြင့်ပါဘူး။

ရောဘတ်မူဂါတီနဲ့ထပ်တူ ပျော်ရွှင်နေမယ်သူတွေကတော့ မြန်မာစစ်ခေါင်းဆောင်တွေ ဖြစ်နိုင်တယ်လို့ မြန်မာ့အရေးလေ့လာသူတွေက ပြောပါတယ်။ ဒါပေမဲ့ ဆူဒန်သမ္မတကို တရားစွဲလိုက်တဲ့ဖြစ်ရပ်က အဲဒီပျော်ရွှင်မှုတွေကို အဆုံးသတ်သွားစေတယ်လို့လည်း ပညာရှင်တွေက ယူဆပါတယ်။

မကြာသေးခင်က ဖြစ်ပျက်ခဲ့တဲ့ နာဂစ်မုန်တိုင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေအပေါ် လျစ်လျူရှုထားမှုတွေ အတွက်လည်း စစ်အစိုးရကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမှာ စွဲဆိုနိုင်တယ်လို့ နိုင်ငံတကာ ဥပဒေပညာရှင်တွေ၊ နိုင်ငံရေးသမားတွေနဲ့ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေက ပြောနေပါတယ်။

မြန်မာစစ်အစိုးရအပေါ် စစ်ရာဇဝတ်မှုနဲ့ အရေးယူရေးကိစ္စနှင့် ပတ်သက်လို့ ဥပဒေပညာရှင် မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ကို ဆက်သွယ်မေးမြန်း တင်ပြအပ်ပါသည်။

ဆူဒန်သမ္မတကို အိုင်စီစီ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမှာ တရားစွဲလိုက်တဲ့ဖြစ်ရပ်ဟာ မြန်မာနိုင်ငံအပေါ် တစုံတရာ အကျိုးသက်ရောက်မှု ရှိနိုင်ပါသလား။

“ကျနော်တို့ လက်ရှိနောက်ဆုံး နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးရဲ့ ရှေ့နေချုပ်ကနေပြီးတော့ ဆူဒန်နိုင်ငံသမ္မတကြီး အိုမာအယ်လ်ဘာရှီးယားကို တရားစွဲဆိုအမှုတင်လိုက်တဲ့ ကိစ္စဟာ ကျနော်တို့မြန်မာနိုင်ငံနဲ့ တိုက်ရိုက်ဆက်စပ်မှုရှိသွားနိုင်တယ်လို့ ကျနော်တို့ တင်ပြလိုပါတယ်”

ဘာကြောင့် ဒီလိုပြောနိုင်တာလဲ၊ ဆူဒန်ရော မြန်မာနိုင်ငံရောက အိုင်စီစီ နိုင်ငံတကာသဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ထိုးတာ မတွေ့ရပါဘူး။ သဘောတူလက်မှတ် ထိုးထိုး မထိုးထိုး နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမှာ တရားစွဲဆိုင်နိုင်တယ်ဆိုတဲ့ သဘောကြောင့်လား။

“ဟုတ်ပါတယ်။ လက်မှတ်ထိုးထားခြင်းမရှိတော့ ပြစ်မှုကျူးလွန်ခြင်းအပေါ်မှာ တိုက်ရိုက်အရေးယူတရားစွဲဆိုလို့ မရပါဘူး၊ အဲဒီတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေပြီးတော့ နိုင်ငံတကာငြိမ်းချမ်းမှုနဲ့လုံခြုံရေးမှုကို ထိပါးနေပြီးဆိုရင် အဲဒါကိုကိုင်စွဲပြီးတော့ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို လွှဲပေးပိုင်ခွင့်ရှိတယ်လို့ ဥပဒေမှာ အတိအလင်းဖော်ပြထားတယ်။ အဲဒါကြောင့်မို့လို့ လွှဲပေးခွင့်ရှိပါတယ်။ ”

ဆိုလိုတာက တရားဝင်သဘောတူလက်မှတ်ထိုးမထားတဲ့ နိုင်ငံတွေ့အတွက် အိုင်စီစီကနေ တိုက်ရိုက်တော့ အရေးယူလို့မရဘူး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်ပြုချက်နဲ့ပဲ အရေးယူရတယ်ဆိုတော့ လုံခြုံရေးကောင်စီမှာ တရုတ်တို့ ရုရှတို့က မြန်မာစစ်အစိုးရဘက်က အမြဲတမ်းကာကွယ်ပေးနေတာ  အားလုံးအသိပဲလေ၊ အဲဒီတော့ ဆူဒန်လို ဖြစ်လာနိုင်ပါ့မလား။

“အဲဒီမေးခွန်းက အရေးကြီးတဲ့ မေးခွန်းဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ ဆူဒန်နဲ့ ဗမာနဲ့ အဲဒီကိစ္စမှာ သွားတူနေတယ်၊ ဘယ်လိုသွားတူလဲဆိုတော့ တရုတ်ပြည်ဟာလည်းပဲ ဆူဒန်ကနေပြီးတော့ အကျိုးခံစားခွင့်ရနေကြတယ်၊ အထူးသဖြင့် သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်ပြီးတော့ ဖြစ်တယ်။”

“ပွင့်ပွင့်လင်းလင်းပြေမယ်ဆိုရင် တရုတ်အစိုးရက အခုတရားစွဲဆိုခံရတဲ့ ခါတွန်ဂါဗားမင့် (ခါတွန်အစိုးရ–ဆူဒန်အစိုးရ) ကို တလျှောက်လုံး ဘက်ကင်း (ကျောထောက်နောက်ခံ) ပေးခဲ့တာပဲ၊ နောက်က ရပ်တည်ပေးခဲတာပဲ။”

"ဒါပေမဲ့ ဘယ်လိုဖြစ်လာလဲဆိုတော့ ဆူဒန်မှုခင်းမှာ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းကြီး ခုနစ်ဖွဲ့လောက်ကနေပြီး တော့ တောက်လျှောက် ဆူဒန်မှာဖြစ်နေတဲ့ မှုခင်းတွေက ဘယ်လောက်ကြီးလဲဆိုတာကို ကမ္ဘာနဲ့အဝှမ်း စနစ်တကျ ဖော်ထုတ် လိုက်တဲ့အခါမှာ ဒီ ခရိုင်းမ် (ရာဇဝတ်မှု) တွေက ပေါ်လာတယ်။ ပေါ်လာတဲ့အခါကျတော့ ဒီအစိုးရကို ဘက်ကင်း ပေးထားတာ၊ ကျားကန်းပေးထားတာ၊ အကာအကွယ်ပေးထားတာက ရာဇဝတ်သားနဲ့ သွားမိတ်ဆွေဖွဲ့တဲ့သဘောမျိုး ဖြစ်သွားတယ်။"

"နိုင်ငံတကာမှာကျတော့ နိုင်ငံကြီးတွေ နိုင်ငံတကာဂုဏ်သိက္ခာရှိသွားတယ်၊ အဲဒီအခြေအနေအရ လက်တွဲနိုင်တဲ့အနေအထား မျိုး မရှိတော့တဲ့အတွက် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို လွှဲသင့်မလွှဲသင့် မဲခွဲဆုံးဖြတ်တဲ့အခါကျတော့ တရုတ်နဲ့ ရုရှကနေကပြီးတော့ ဗီတိုအာဏာ မသုံးတော့ဘဲနဲ့ ကြားနေလိုက်ပါတယ်။"

ဒါဆို ဆူဒန်က ဖြစ်ရပ်ကျတော့ တရုတ်က ကြားကနေပြီး မြန်မာ့အရေးမှာတော့ ဘာဖြစ်လို့ ဗီတိုသုံး ပယ်ချရတာလဲ။

"နိုင်ငံရေး အာဂျင်ဒါ (လုပ်ငန်းစဉ်) တွေကို အဓိက ဖိုးကပ်စ်ဆွဲတာ (အာရုံစိုက်တာ) များသွားတယ်၊ ဆိုလိုချင်တာကတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ် အတည်ပြုရေးတို့၊ နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးတို့၊ စသဖြင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေး နွေးရေးတို့။ ဒါတွေအားလုံးက ကျနော်တို့လက်ခံတဲ့၊ လူထုကလည်းလိုလားတဲ့ တင်ပြနေကြတဲ့ အာဂျင်ဒါတွေပဲ၊ ဒါတွေက အရေးကြီးတာပဲဖြစ်တယ်၊ သို့သော် အဲဒီအပေါ်မှာပဲသွားပြီး ဖိုးကပ်စ်လုပ်တဲ့အခါကျတော့ ဘာဖြစ်သွားလဲဆိုတော့၊"

"ဒါတွေဟာ သက်ဆိုင်ရာတိုင်းပြည်ရဲ့ ပြည်တွင်းရေးတွေပဲ၊ ဒါ သူရဲ့ နေရှင်နယ်ဆော်ဗရင်တီ (အမျိုးသား အချုပ်အခြာ အာဏာ) အောက်မှာ ရှင်းရမယ့်ကိစ္စဖြစ်တယ်၊ နိုင်ငံတကာရဲ့ ငြိမ်းချမ်းမှုနဲ့ လုံခြုံမှုကို ထိပါးတဲ့အနေအထားမျိုး မရောက်ဘူး၊ ဒါကြောင့်မို့လို့ ဒီကိစ္စကတော့ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ မကိုင်တွယ်သင့်ဘူးလို့ တရုတ်တို့ကနေ ထောက်ပြပြီး တော့မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အရေးယူဆောင်ရွက်နိုင်တဲ့အဆင့်ကို မဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ ကျနော်လေ့လာရ တယ်။"

ဦးအောင်ထူးဆိုလိုတာက လုံခြုံရေးကောင်စီမှာ နိုင်ငံရေးခေါင်းစဉ်တွေဆိုတာထက် စစ်ခေါင်းဆောင်တွေ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကိုပဲ ချပြ ဦးတည်ဆွေးနွေးနိုင်မယ့် အခြေအနေ ဖန်တီးရမယ်လို့ ဆိုလိုတယ်ပေါ့။

"ဟုတ်ပါတယ်။"

နိုင်ငံတကာလုံခြုံရေးကို ငြိမ်းခြောက်နိုင်တဲ့ ရာဇဝတ်မှုကြီးတွေကို မြန်မာစစ်ခေါင်းဆောင်တွေနဲ့ အခုတရားစွဲခံရတဲ့ ဆူဒန် သမ္မတ၊ ဘယ်သူက ပိုပြီးကျူးလွန်နေလဲလို့မေးရင် ဦးအောင်ထူး ဘယ်လိုရှင်းပြချင်ပါသလဲ။

"ဘယ်ဘက်ကိုမှ ဘက်လိုက်ပြီး အာဃာတနဲ့ ပြောတာမဟုတ်ပါဘူး၊ ဥပဒေသမားတစ်ယောက်အနေနဲ့ ရိုးရိုးတင်ပြတာဖြစ် တယ်၊ ကျနော်တို့ မှတ်တမ်းမှတ်ရာ စုဆောင်းတာတွေ အားလည်း နည်းကောင်းနည်းမယ်၊ သို့သော် ကျနော်တို့နိုင်ငံမှာ ဖြစ်ခဲ့တဲ့ မှုခင်းကြီးတွေကိုသာ စနစ်တကျ စုဆောင်းပြီးတော့ ပုံနှိပ်ထုတ်ဝေမှုတခုတည်းမှာ စုပေါင်းဖော်ပြနိုင်ရင် ဖြစ်နေတဲ့ ခရိုင်းမ် တွေက ဆူဒန်မှာဖြစ်တာထက် အများကြီးများပါတယ်။"

"ထောင်ထဲမှာဖြစ်တယ်၊ လမ်းပေါ်မှာဖြစ်တယ်၊ တိုင်းရင်းသားဒေသတွေမှာ ဖြစ်တယ်၊ ဖြစ်ပုံဖြစ်နည်းက အများပဲကြီးပဲ၊ နောက် ဆုံးမှာကြည့်ပါလား ကျနော်တို့ သံဃာ့လှုပ်ရှားမှုကြီးကို ရက်ရက်စက်စက်ကြီး ဖြိုခွဲချလိုက်တဲ့ကိစ္စကြီးတွေ၊ ဒါလုံးဝ ငြင်းလို့ မရတဲ့ အချက်တွေ။"

"တခုပဲ ကျနော်တို့ပြောမယ်၊ အဲဒါက ကလေးစစ်သားကိစ္စ၊ ကလေးတွေကို အတင်းအဓမ္မ ဖမ်းဆီးပြီးတော့ တပ်ထဲသွင်းပြီး စစ်တိုက်ခိုင်းနေတာ၊ စစ်မှုထမ်းခိုင်းနေတာ တနိုင်ငံလုံးသိတယ်၊ သက်သေတွေ ဝိုင်းစုကြမယ်ဆိုရင် ချက်ချင်းအများကြီးထွက် လာမယ်၊ ဒီကလေးတွေကို အတင်းအဓမ္မ စစ်မှုထမ်းခိုင်းတဲ့ကိစ္စ တခုတည်းနဲ့ စစ်ရာဇဝတ်ကောင်လို့ ပြောလို့ရတယ်၊ အဲဒီ ဝေါခရိုင်းမ် (စစ်ရာဇဝတ်မှု) တခုတည်းနဲ့ပဲ လက်ရှိ နအဖ စစ်ခေါင်းဆောင်တွေ နိုင်ငံတကာတရားရုံးမှာ တင်လို့ကိုရတယ်။"